ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလကွယ်၊ သောကြာနေ့၊ (8-4-2005)(၄၅၆၂)

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငါးသုံးလုံး ရှုခင်းသာတောင်ကုန်းမှ ကော့သောင်းမြို့၏ လှပသာယာမှု ရှုခင်းကို ကြည့်ရှုစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် နိုင်ငံသားတို့၏ မွေးရာပါတာဝန်များဖြစ်
တပ်မတော်အပိုင်းကသာမက နယ်ဘက်ဆိုင်ရာအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး အလေးထားခံယူ
ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်
အင်အားစုသုံးရပ်ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်

ရန်ကုန် ဧပြီ ၇

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၄-၂၀၀၅
(သောကြာနေ့)

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော် ကြိုးပမ်းနေသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားလာစေရန် လိုအပ်ချက်များကို ကဏ္ဍအလိုက် စီမံဖြည့်ဆည်းပေးလျက်ရှိနေပေသည်။

နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ညီညွတ်တက်ကြွသော ပူးပေါင်းပါဝင်ကြိုးပမ်းမှုများကြောင့် ကဏ္ဍအလိုက် အောင်မြင်မှုရလဒ်ကောင်းများ ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရီးစဉ်အတွင်း လှိုင်းဘွဲ့မြို့သို့ရောက်ရှိစဉ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ၌ **ယနေ့နိုင်ငံတော်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရရှိနေပြီး တစ်ဆက်တည်းမှာပင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိရာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်သည်အထိ တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း** မှာကြားသွားသည်။

ကရင်ပြည်နယ်သည် စပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ဒေသဝမ်းစာဖူလုံသည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ရာ ပိုလျှံထွက်ရှိရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ ထို့အပြင် အခြားသောအမယ်သစ်သီးနှံများအနက် ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းသည့် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်မည်ဖြစ်သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက မွေးမြူရေးလုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် ငါး၊ ပုစွန် ထုတ်လုပ်ရေးအပြင် ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်စသည်တို့ကိုလည်း ကျေးလက်ဒေသပြည်သူများ၏ ဝင်ငွေတိုးတက်ရေး ရည်မှန်းချက်နှင့်အညီ ကြိုးပမ်းလုပ်ကိုင်သင့်ပေသည်။

နိုင်ငံတော်ကိုယ်စား အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး တာဝန်ယူနေကြသည့် ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို စေတနာထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်သူများအပိုင်းကလည်း မိမိတို့ လိုလားတောင့်တနေသည့် အေးချမ်းသာယာရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဖော်ဆောင်မှုများတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ယနေ့ကာလသည် နိုင်ငံတော်က ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်နေသည့်အချိန်အခါဖြစ်သည်။ နိုင်ငံတော်တွင် အုပ်ချုပ်ပုံစနစ်သစ်တစ်ရပ်ကို ညင်သာစွာ အသွင်ကူးပြောင်းပေးနေချိန်ဖြစ်ရာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပနေသည့်အချိန်အခါလည်းဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်တွင် တိုးတက်ဖြစ်ထွန်းရရှိနေပြီဖြစ်သည့် အခြေခံကောင်းများနှင့်အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြီးမြောက်သည်အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက် မုံရွာစက်မှုဇုန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၌ တိုင်းမှူးမှာကြား

ရန်ကုန် ဧပြီ ၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည့် မုံရွာစက်မှုဇုန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ တိုင်းအတွင်းရေးမှူး စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် လုပ်ငန်းရှင်များက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မုံရွာစက်မှုဇုန်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၆ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်း အားဖြင့် ၃၁၅ ဒသမ ၁၈ ဧကရှိ၍ လယ်ယာသုံး စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်ငန်းအမျိုးမျိုးတွင် အသုံးပြုသည့် စက်ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်ရန် အခြေခံ၍ သံရည်ကျိုစက်နှင့် စက်ပစ္စည်းကိရိယာ ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်တောင်ပိုင်း၌ ဝမ်းပျက်ဝမ်းလျှော ကာကွယ်နှိမ်နင်းရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဝမ်းပျက်ဝမ်းလျှော ကာကွယ်နှိမ်နင်းရေးလူထုလှုပ်ရှားမှု စုပေါင်းဆောင်ရွက်ခြင်းကို ဧပြီ ၅ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် နံနက် ၈နာရီတွင် မြောက်ဥက္ကလာပမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးရုံးသို့ရောက်ရှိပြီး ရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဦးဦးနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အောက်မြန်မာပြည် တိုင်းကူးစက်ဆရာဝန်ကြီး ဒေါက်တာမြသန်းနွယ်တို့က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ကာကွယ်နှိမ်နင်းခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်တို့ကလိုအပ်ချက်များဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗဟိုအလုပ်အမှုဆောင်ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည်မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇရာလမ်းရှိ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း ဇရာလမ်းသွယ် (၄)လမ်းနှင့် (၅)လမ်းတို့တွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ပညာပေးဟောပြောခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များအတွင်း ပြင်ပမှ မသန့်ရှင်းသော ရေများဝင်ရောက်မှုမရှိစေရန် စနစ်တကျ ပြုလုပ်ခြင်း Bleaching ပေါင်ဒါများခတ်ခြင်း နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးနှင့် တာဝန်ရှိသူများသည်အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမှတ်(၂၀)ရပ်ကွက် အောင်သိဒ္ဓိလမ်းသွယ်(၄)လမ်း အောင်သိဒ္ဓိလမ်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားဆောင်ရွက်ပေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များ သဃ်ာန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ကြီးပွားရေး ရပ်ကွက်နေ ပြည်သူများ သောက်ရေသုံးရေ လုံလောက်စွာ ရရှိရေး ရပ်ကွက်အတွင်း ရေပိုက်လိုင်းတူးဖော်သွယ်တန်းခြင်းများအား လိုလ်လံကြည့်ရှုစစ်ဆေးကြစဉ်။ (ကြေးမုံ)

လိုက်လံကြည့်ရှု

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ သန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ သဃ်ာန်းကျွန်းမြို့နယ် အမှတ်(၂၁) အခြေခံပညာမူလတန်း ကျောင်းဝင်း ပြင်ပ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ကျောင်းခန်းမ၌ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ယဉ်ကျေးမှုနှင့် စာရိတ္တမြင့်တင်ရေး သင်တန်းနှင့် ကျောင်းအဆောက်အအုံ အခြေအနေများကို လည်းကောင်း၊ သဃ်ာန်းကျွန်းမြို့နယ် ကြီးပွားရေး ရပ်ကွက်၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရပ်ကွက်အတွင်း ငမိုးရိပ်-ဂျိုးဖြူ သောက်သုံးရေပိုက်လိုင်းသွယ်ယူရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

သကြၤန်တွင်း တရားစခန်း

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၁၆)ရပ်ကွက် သဲအင်းဂူ တိုက်ခွဲ(၅) သစ္စာဒီပက ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သကြၤန်တွင်း ငါးရက်တရားစခန်းပွဲကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါတရားစခန်းပွဲတွင်ဓမ္မကထိက ရန်ကင်းမိုးကောင်း ဩဝါဒါစရိယ ဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း) ဦးဆောင်သော ဆရာတော်များက ဝိပဿနာအလုပ်ပေးတရားများ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၇

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ရက် နံနက် ၁၀နာရီတွင် အဆိုပါဆေးရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေးသည်။

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များ ကော့သောင်းမြို့ပြည်သူ့ဆေးရုံအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးကြစဉ်။(သတင်းစဉ်)

ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆေးရုံအလှူရှင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မျိုးဆက်သစ် လူငယ် တိုင်းရင်းသား တိုင်းရင်းသူများက ရတနာရွှေကြိုးကိုဆွဲ၍ ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဆေးရုံအလှူရှင် Andaman Club Co., Ltd. ဥက္ကဋ္ဌ Mr. Vikrom Aisiri တို့က ဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆေးရုံအလှူရှင် Andaman Club Co., Ltd. ဥက္ကဋ္ဌ Mr.Vikrom Aisiri တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆေးရုံကမ္ဗည်းမော်ကွန်းဖွင့်ပွဲအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကမ္ဗည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်း၊ အရေးပေါ်ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းမကြီး၊ ခါတ်ခွဲခန်း၊ ခါတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သီးသန့်ခန်းများနှင့် ကျန်းမာရေးပညာပေး ပိုစတာများပြသထားမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ခန်းမဆောင်ကြီး၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အလှူရှင် Mr. Vikrom Aisiri က ကော့သောင်းဒေသမှ ပြည်သူများအတွက် ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားတွင် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် Mr. Vikrom Aisiriက ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဖော်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ယင်းနောက် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် Mr. Vikrom Aisiri က ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဖော်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် အဖွဲ့ဝင်များအား Mr. Vikrom Aisiri က ဆေးရုံ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝေးလံသောနယ်စပ်အစွန်အဖျား ဒေသများပါ မကျန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ဆိုသည့် လူမှုရေးဦးတည်ချက်ချမှတ်ပြီး ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ဆရာဝန်၊ သူနာပြု၊ သားဖွား ဆရာမစသည့် ကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်ထားပေးလျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်

တနင်္သာရီတိုင်း၌ ၁၉၈၈ ခုနှစ်တွင် ဆေးရုံပေါင်း ၂၂ ရုံ၊ ကျန်းမာရေးဌာန ၈၆ ခုနှင့် တိုင်းရင်းဆေးပေးခန်း လေးခုသာရှိခဲ့ကြောင်း၊ ယခုအခါ ဆေးရုံပေါင်း ၂၇ ရုံ၊ ကျန်းမာရေးဌာန ၈၈ ခု၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တစ်ရုံ၊ တိုင်းရင်းဆေးပေးခန်း ရှစ်ခုနှင့် သားဖွားသင်တန်းကျောင်း တစ်ခုတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ဆေးရုံ ၁၀ ရုံကိုလည်း ခုတင်အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း။

ဤဆေးရုံအလှူရှင်အနေဖြင့် ဆေးရုံအဆောက်အအုံနှင့်အတူ လူနာခုတင်များ၊ လျှပ်စစ်မီး၊ အဝီစိတွင်းနှင့် ရေတင်စက်တို့ကို လှူဒါန်းခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆေးပစ္စည်းကိရိယာအသစ်များ၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများ၊ အခြားအဆင့်ဝန်ထမ်းများအား ခန့်ထားပေးခဲ့ကြောင်း။

ဆေးရုံအဆောက်အအုံနှင့် အခြားဆက်စပ်သည်များကို လှူဒါန်းပေးသည့် အလှူရှင် Andaman Club Co., Ltd ဥက္ကဋ္ဌအား ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်းကောင်း၊ ဝန်ကြီးအနေဖြင့်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲအပြီးတွင် ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာနှင့် ပတ်ဝန်းကျင်အခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Pham Van Cu၊ စစ်သံမှူး Sr. Colonel, Nguyen Van Thanh နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၃၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဆိပ်ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဓမ္မဒူတဇေတဝန်တောရ တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် သင်္ကြန်ငါးရက်တရားစခန်းကို ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများသည် ဧပြီ ၁၃ရက် ညနေ ၃နာရီအရောက်လာရောက်ကြရန်နှင့် ဦးလှကြည် ဖုန်း- ၂၄၆၇၈၈ လိုင်းခွဲ ၃၀၊ ဓာနည်ညီနောင် ဆေးဆိုင် ဖုန်း- ၂၉၃၅၆၇နှင့် ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း- ၅၁၄၇၆၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ပဲခူးတိုင်း မင်းလှမြို့(အထက)ကျောင်းသားဟောင်းများ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၇

ပဲခူးတိုင်း မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများက ကြီးမှူး၍ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် မြို့တွင်းအထက "သပြေခန်းမ"၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာဆရာမများနှင့် မြို့နယ်အသီးသီးရှိ ကျောင်းသူကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၀၁-၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း-၀၁-၅၃၄၇၃၆၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၀၁-၅၃၅၃၈၃၊ မင်းလှမြို့တွင်ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချို၊ ဒေါ်တင်တင်အေး၊ ဦးမြတ်ကို၊ ဦးသောင်းရွှေနှင့် ဒေါ်ချိုချိုခိုင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က-ပ)

လှူဒါန်း

ရန်ကင်းမြို့နယ် ရန်နိုင်လမ်းသွယ်(၈) အမှတ် ၁၅၃(ဘီ)နေ ဦးဘတင်-ဒေါ်အမာ၊သမီး ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ကြည်(ငြိမ်း) မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဧပြီ ၃ရက်က ထာဝရဆေးပဒေသာပင် ငွေကျပ်လေးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။

(က-ပ)

MRTV -4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၅ (သောကြာနေ့)

၇:၀၀	အဖွင့်အစီအစဉ်	၉:၂၅	မိုးလေဝသခန့်မှန်းချက်
၇:၀၅	စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ့ အပိုင်း(၂)	၉:၃၀	သစ်သီးဝလံပေါပြည့်ဝေဆာဥယျာဉ်ခြံမှာ (ဒူးရင်၊ ကြက်မောက်)
၇:၂၀	တေးဂီတအစီအစဉ်		
၇:၂၅	ပြည်တွင်းသတင်း	၉:၄၀	ခါသင်္ကြန်အဆိုအက
၇:၃၀	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့ သွားရောက်လေ့လာခြင်း)	၉:၄၅	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၇:၅၀	မန်းချောင်းတံတား	၁၀:၃၀	နိုင်ငံတကာသတင်း
၇:၅၅	ခါသင်္ကြန်အဆိုအက	၁၀:၃၅	တေးဂီတအစီအစဉ်
၈:၀၀	နိုင်ငံတကာသတင်း	၁၀:၄၀	အလင်္ကာကျော်စွာ ကာတွန်းဆရာ(ဦးဘဂျမ်း)
၈:၀၅	ခါသင်္ကြန်အဆိုအက		
၈:၁၀	ချင်းရိုးရာဝတ်စားဆင်ယင်မှု	၁၀:၄၅	ခါသင်္ကြန်အဆိုအက
		၁၀:၅၀	ပန်းချီဝင်းမြင့်မိုး၏ ဆီဆေးပန်းချီ
၈:၂၀	UEFA Stories Euro 2004 Group C	၁၁:၀၀	အပိတ်
၈:၅၅	ပြည်တွင်းသတင်း		
၉:၀၀	တေးဂီတအစီအစဉ်		
၉:၀၅	မြန်မာစာ မြန်မာစကား		
၉:၂၀	တေးဂီတအစီအစဉ်		

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိုးခေါင်နေသော ထိုင်းနိုင်ငံတွင် မိုးတုရွာသွန်း

ဗန်ကောက် ဧပြီ ၆

ထိုင်းနိုင်ငံရှိ မိုးခေါင်နေသော ပြည်နယ်များတွင် မိုးတုရွာသွန်းစေရန်လုပ်ဆောင်ခဲ့ရာ မိုးခေါင်မှုအခြေအနေ လျော့ပါးသက်သာစေပြီး ရေလှောင်တမံများ၌ ရေပမာဏပြန်လည်မြင့်တက်လာကြောင်း လယ်ယာ စိုက်ပျိုးရေးဝန်ကြီး ဆူဒါရတ်ကီယူရာဖွန်က တနင်္လာနေ့တွင် ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ၃၇ ပြည်နယ်တွင် မိုးခေါင်မှု ပေါ်ပေါက်ခဲ့ရာ မိုးတုရွာသွန်းရေး စီမံကိန်းတစ်ရပ်ကို မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ အကောင်အထည်ဖော်ခဲ့သည်။ မိုးတုရွာသွန်းသည့် စီမံကိန်းကို အကောင်အထည် ဖော်ခဲ့ရာတွင် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်သုံးပြည်နယ်၊ နိုင်ငံအရှေ့မြောက်ပိုင်းရှိ ၁၆ ပြည်နယ်နှင့် နိုင်ငံအလယ်ပိုင်း လွင်ပြင်ဒေသ၊ နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ပြည်နယ် ခြောက်ပြည်နယ်စီတွင် မိုးရွာသွန်းခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ မြစ်ဝှမ်း ၂၅ ခုတွင် မိုးခေါင်မှုအခြေအနေလျော့ပါးသက်သာလာကြောင်း ဆူဒါရတ်၏ ပြောကြားချက်ကို ကိုးကားလျက် ဗန်ကောက်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

တွေ့ကြုံနေရ

မိုးခေါင်မှုအခြေအနေကို ဆိုးဆိုးရွားရွားတွေ့ကြုံနေရသည့် တာတမံများ အပါအဝင် နိုင်ငံတစ်ဝန်းရှိ တာတမံများ၌ တစ်ရက်လျှင် ကုဗမီတာ ၁၇ ဒသမ ၀၄ သန်း နှုန်းဖြင့် ကုဗမီတာ ၈၅ ဒသမ ၂ သန်းရှိ ရေကို ရရှိလာကြောင်း ဝန်ကြီးက ပြောကြားသည်။

အကျိုးရလဒ်အားဖြင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် မိုးခေါင်မှု ဒဏ်ခံစားနေရသော ကျေးရွာ အရေအတွက်ကို ၇၃၉၆၃ ရွာမှ ၁၃၇၇၃ ရွာအထိ လျှော့ချနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လျှော့ချ

မိုးပြန်လည်ရွာသွန်းခြင်းကို မီးသတ်ရဲဘော်များကလည်း ကြိုဆိုကြသည်။ မီးသတ်ရဲဘော်များသည် လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း တောမီးလောင်ကျွမ်းမှု ၆၅၀၀ကြိမ်ကို ငြိမ်းသတ်ခဲ့ကြရသည်။ မိုးတုရွာသွန်းသည့် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် တောမီး လောင်ကျွမ်းသည့် အရေအတွက်ကို လျှော့ချနိုင်သည်။

ဗန်ကောက်မှပေးပို့သော အခြားဆင်ဟွာသတင်းတစ်ရပ်တွင် ထိုင်းနိုင်ငံမြောက်ပိုင်း၌ ကျက်စားနေထိုင်သော ဆင်ရိုင်းကောင်ရေ ၁၀၀ ကျော်သည် အစာရေစာငတ်မွတ်မှုနှင့် တွေ့ကြုံနေရကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် မိုးခေါင်သည့် အခြေအနေ ဖြစ်ပေါ်ခြင်းကြောင့် ဆင်များမှာ စားနပ်ရိက္ခာနှင့် သောက်ရေပြတ်လပ်မှုများ တွေ့ကြုံနေရကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဧပြီ ၅ ရက်ကတွေ့ရစဉ်။(*ဓာတ်ပုံ-အင်တာနက်*)

အမေရိကန်၏ စွပ်စွဲချက် ဗင်နီဇွဲလားပယ်ချ

ပြည်ပမှ လက်နက်ဝယ်ယူမှု တရားဥပဒေနှင့် ကိုက်ညီကြောင်း တုံ့ပြန်ပြောကြား

ကာရာကတ်စ် ဧပြီ ၆

မိမိတို့နိုင်ငံက ပြည်ပမှ စစ်သုံးကိရိယာများနှင့် စစ်သုံးလက်နက်များဝယ်ယူခြင်းသည် တရားဥပဒေနှင့်လည်းကောင်း၊ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့်လည်းကောင်း ကိုက်ညီမှုရှိကြောင်း၊ လက်နက်ယှဉ်ပြိုင်သည့် လုပ်ရပ် မဟုတ်ကြောင်း ဗင်နီဇွဲလားအစိုးရက အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်တစ်ရပ်ကို တုံ့ပြန်လျက် စနေနေ့က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည်စစ်သုံးလက်နက်ကိရိယာပစ္စည်းများကို ငြိမ်းချမ်းရေးဟူသည့် မြင့်မြတ်သော လုပ်ငန်းအလို့ငှာ သုံးစွဲသွားမည် ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျော့ဂျ်ဂါစီယာကပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ လက်နက်ဝယ်ယူရေး သဘောတူညီချက်သည် တောင်အမေရိကဒေသတွင် လက်နက်ယှဉ်ပြိုင်မှုဖြစ်ပေါ်ရန် အကြောင်းဖြစ်စေနိုင်ကြောင်း အမေရိကန်အစိုးရက စွပ်စွဲခဲ့သည်။

ထိန်းသိမ်း

ဗင်နီဇွဲလားနိုင်ငံသည် ငြိမ်းချမ်းရေးရည်မှန်းချက်ကို အစဉ်အမြဲ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ပြောကြား

ဗင်နီဇွဲလားတပ်မတော်သည် နယ်စပ်ဒေသများ လုံခြုံရေးအတွက် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်အခြားသော နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်နိုင်ရေးအတွက် လည်းကောင်း လုပ်ဆောင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

လက်မှတ်ရေးထိုး

ဗင်နီဇွဲလားအစိုးရသည် လက်နက်ဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရုရှားနိုင်ငံပိုင် ကုမ္ပဏီဖြစ်သည့် ရိုဆိုဘိုရိုနက်စပေါ့ကုမ္ပဏီနှင့် လွန်ခဲ့သည့်လက လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်အရ ရဟတ်ယာဉ် ၁၀ စင်း၊ အေကေ-၁၀၃နှင့်အေကေ-၁၀၄ တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ် အလက်ပေါင်း ၁၀၀၀၀၀ကို ဝယ်ယူမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အမေရိကန် စစ်လေယာဉ်တစ်စင်း အယ်လ်ဘေးနီးယားတွင် ပျက်ကျ

တီရာနာ ဧပြီ ၂

အမေရိကန်စစ်လေယာဉ်တစ်စင်း အယ်လ်ဘေးနီးယားနိုင်ငံရှိ ဂရမ်မက်ရှ်မြို့တွင် ကြာသပတေးနေ့နှောင်းပိုင်းက ပျက်ကျသွားရာ လေယာဉ်ပေါ် လိုက်ပါလာသူ ကိုးဦးသေဆုံးဖွယ်ရှိကြောင်း အယ်လ်ဘေးနီးယား ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စစ်လေယာဉ်သည်အယ်လ်ဘေးနီးယားစစ်ဘက်မှ လေယာဉ်နှင့်အတူ ပူးတွဲလေ့ကျင့်ရန်အတွက် တီရာနာမြို့ရှိ တာရီဆာလေဆိပ်မှအတက် မြို့တော်၏ အရှေ့တောင်ပိုင်း ကီလိုမီတာ ၈၀ ခန့်အကွာရှိ ဂရမ်မက်ရှ်တောင်တန်းပေါ်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ စစ်လေယာဉ်ပေါ်လိုက်ပါလာသူကိုးဦးမှာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြသည်။ လေယာဉ်မပျက်ကျမီ ကယ်ဆယ်ရေးအတွက် အဆိုပါလေယာဉ်က အချက်ပေးခဲ့ကြောင်း၊ သို့ရာတွင် ပျက်ကျသည့်နေရာမှာ ဝေးလံသီခေါင်ပြီး နှင်းများထူထပ်စွာ ကျရောက်နေသဖြင့် လေယာဉ်ပျက်ကျသည့် အကြောင်းရင်းဇာစ်မြစ်ကို မသိရသေးကြောင်း အဆိုပါရုပ်မြင်သံကြားက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်အနောက်ပိုင်း ကန်စခန်း တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင် ၁၈ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၄

ပြောက်ကျားများက ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းကို ကားဗုံးနှစ်လုံးဖြင့် စနေနေ့က ဖောက်ခွဲခဲ့ပြီး စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၈ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

ပစ်မှတ်ထား

ယင်းတိုက်ခိုက်မှုအတွင်း အကျဉ်းသား ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အမေရိကန်ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့ဝင်များက အကျဉ်းသားများအား ဖမ်းဆီးထိန်းသိမ်းထားရာ အဘူဂါရိုပ် အကျဉ်းစခန်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း စစ်ဘက်ကြေညာချက်အရ သိရသည်။

ဖြစ်ပွား

စနစ်တကျ စည်းရုံးထားသော ပြောက်ကျား ၄၀မှ ၅၀ခန့်က တိုက်ခိုက်မှုသည် ည ၇ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ကားဗုံးနှစ်လုံးဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး ဒုံးပစ်လောင်ချာများ၊ စိန်ပြောင်းများ၊ စမတ်ဗုံးများဖြင့် ဆက်လက်တိုက်ခိုက်ခဲ့ကြကြောင်း ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းတိုက်ခိုက်မှုကို ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ကြောင်း၊ အကျဉ်းစခန်းမှာ လုံခြုံမှုရှိပြီး သော့ခတ်ထားခဲ့ကြောင်း စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။ သို့ရာတွင် အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

ပြောက်ကျားများက ယခင်ကလည်း အကျဉ်းစခန်းကို ပစ်ခတ်ခဲ့ကြသည်။ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် အဘူဂါရိုပ်အကျဉ်းစခန်းတွင် ယခုအခါ အကျဉ်းသား ၃၀၀၀ကျော်ကို ထိန်းသိမ်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဆေးဝါးကုသမှု ခံယူနေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

(*ဓာတ်ပုံ-အင်တာနက်*)

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုများလာ

ဘဂ္ဂဒက် ဧပြီ ၆

ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

သေဆုံး

သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက် အထူးတပ်ဖွဲ့မှဖြစ်ပြီး ၎င်း၏ လှည့်ကင်းအနီး ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် အိမ်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ဧပြီ ၅ရက်နံနက် ၉ နာရီခွဲခန့်က သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အခြားတပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို အနီးအပါးရှိ အပေါင်းပါ တပ်ဖွဲ့ဝင်များက ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

တပ်ဖွဲ့ဝင်များသေဆုံးမှုနှင့် ပတ်သက်၍ ၎င်းတို့၏ မိသားစုထံ အကြောင်းကြားခြင်းမရှိမီ သေဆုံးသူများ၏ အမည်နာမကို ထုတ်ဖော်ကြေညာမှု မရှိပေ။

ကြေညာ

အီရတ်နိုင်ငံအနောက်ပိုင်းဒေသအန်ဘာပြည်နယ်တွင် တနင်္လာနေ့က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က အင်္ဂါနေ့စောစောပိုင်းက ကြေညာခဲ့သည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်သည် အမှတ်(၂) မရိန်းတပ်မ၊ အမှတ်(၃)ကင်းထောက် တပ်ရင်းမှဖြစ်ပြီး အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားနေစဉ် ပေါက်ကွဲမှုကြောင့် ဧပြီလ ၄ရက်က သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ကြေညာချက်အရ သိရသည်။

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်အရှေ့ပိုင်းဒေသတွင် ဒါဇင်ချီရှိသည့် ပြောက်ကျားများနှင့်တွေ့ဆုံပြီး တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း စစ်ဘက်က အင်္ဂါနေ့က ကြေညာသည်။

တွေ့ဆုံ

အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အီရတ်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်အရှေ့ပိုင်း ဝေးလံခေါင်သီသည့်နေရာတွင်ခုခံတိုက်ခိုက်ရေးသမားများနှင့်တွေ့ဆုံကာ ဧပြီ ၄ ရက် ညနေ ၄နာရီက တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါနိုင်ငံတွင် ၁၇ ရာစုက ရှေးဟောင်းရုပ်တု အခိုးခံရ

ခတ္တမန္ဒူ ဧပြီ ၅

နီပေါနိုင်ငံမှ လုံခြုံရေး တင်းကျပ်စွာချထားသော ပရှုပတိနတ်ဘုရားကျောင်းရှိ ၁၇ ရာစုနှစ်က ရှန်ကာနာရာယန်ရုပ်တုမှာ တနင်္ဂနွေနေ့က ခိုးယူခြင်းခံလိုက်ရသည်။

ခတ္တမန္ဒူလွင်ပြင်ရှိ ယူနက်စကို၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ခုနစ်နေရာအနက် ပရှုပတိနတ်ဘုရားကျောင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

လမ်းဖောက်လုပ်ရေး လုပ်သားတစ်ဦးက ရဲတပ်ဖွဲ့ထံသို့ သတင်းပေးပို့မှုကြောင့်သာ အမြင့်နှစ်ပေခွဲရှိ အဆိုပါရုပ်တု အခိုးခံရကြောင်း သိရှိခဲ့ကြရခြင်းဖြစ်သည်။

ယခုအခါ ရဲတပ်ဖွဲ့ဝင်များက လူပေါင်း ၃၀ ခန့်ကို ဖမ်းဆီးစစ်ဆေးနေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အရောင်အသွေးလှပသော အစားအစာတိုင်း စိတ်မချရ ခဲသတ္တု အဆိပ်အန္တရာယ် သတိပြုကြ

ပါမောက္ခ ဒေါက်တာပိုင်စိုး
(ဆေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံတွင် ပြုလုပ်ရောင်းချနေသည့် အစားအစာအချို့၏ အရောင်သည် နဂိုမူရင်းအရောင်မဟုတ်ဘဲ ရောင်းပန်းလှစေရန် အတုအပပြုလုပ်ထားသော အရောင်များဖြစ်ကြသဖြင့် အန္တရာယ်ရှိပါသည်။ ယင်းအစားအစာအချို့တွင် ခဲသတ္တုပါဝင်နေကြောင်း သိရပါသည်။ လူတို့၏ ပတ်ဝန်းကျင်တွင် ခဲသတ္တုသည် နေရာတိုင်း၌ရှိနေပါသည်။ သတ္တုတွင်းများတူးဖော်ခြင်း၊ ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများ (Fossil fuels) ထုတ်လုပ်ခြင်းနှင့် လောင်ကျွမ်းခြင်းတို့ကြောင့် ခဲသတ္တုများ လူ့ပတ်ဝန်းကျင်တွင် အမြဲရှိနေပါသည်။ ခဲသတ္တုသည် လူ့ခန္ဓာကိုယ် အတွင်းတွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း မပျက်စီးသွားနိုင်ပါ။ လူ့ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများတွင်လည်း ပါဝင်ခြင်းမရှိပါ။ **ခဲသတ္တုသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိပြီး အထူးသဖြင့် ကလေးသူငယ်များတွင် ပို၍ဆိုးကျိုး သက်ရောက်နိုင်ပါသည်။ ယင်းအဆိပ်သင့်ခြင်းကြောင့် အစဦးပိုင်းတွင် ရောဂါလက္ခဏာများ သိသာထင်ရှားစွာမပြသဖြင့် စောစီးစွာရောဂါဖော်ထုတ်ကုသနိုင်ခြင်းများမရှိဘဲ ဖြစ်တတ်ပါသည်။**

ခဲသတ္တုအဆိပ်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံးအပေါ်တွင် ဆိုးကျိုးသက်ရောက်ရာ၌ အဓိကအားဖြင့် ဖွံ့ဖြိုးနေသောဦးနှောက်နှင့်အာရုံကြောစနစ်အပေါ်တွင် ပို၍ဆိုးကျိုးဖြစ်စေနိုင်ပါသည်။ ယင်းဆိုးကျိုးများသည် သွေးထဲရှိ ခဲသတ္တုပမာဏနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိကြောင်း အထင်အရှားသိရှိပြီးဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအများတွင် ပတ်ဝန်းကျင်ရှိ ခဲသတ္တုပမာဏကို လျှော့ချသည့် အစီအစဉ်များ လုပ်ဆောင်နေကြသော်လည်း လူသားများနှင့် ထိတွေ့နေမှုမှာ လူထုကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် ရှိနေပေသေးသည်။ စက်ကိရိယာများ မောင်းနှင်ရာတွင်အသုံးပြုသော လောင်စာဆီများမှ အင်ဩဂဲနစ် (Inorganic) ခဲသတ္တုထုတ်လွှတ်ခြင်းသည် အချို့သောနိုင်ငံများအတွက် အဓိကအကြောင်းရင်းဖြစ်ပြီး အချို့နိုင်ငံများတွင်မူ လုပ်ငန်းခွင်နှင့် အစားအသောက်များကြောင့် ပိုဖြစ်ပါသည်။

ကလေးများတွင် ခဲသတ္တု ၁၀-၁၅ မိုက်ခရိုဂရမ်၊ ဒက်ဆီလီတာ ပမာဏ သွေးတွင်ရှိရုံမျှနှင့် ပြန်လည်ကုသ၍မရနိုင်သော စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ၊ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျခြင်းများ၊ အပြုအမူ ပြောင်းလဲမှု ချွတ်ယွင်းချက်များကို ဖြစ်စေပါသည်။ ဤအချက်များကြောင့် ထိခိုက်မှုသည် ကလေးများအပေါ် တွင်သာမကဘဲ နိုင်ငံတစ်နိုင်ငံလုံး၏ မျိုးဆက်သစ်အပေါ် ဆိုးကျိုးသက်ရောက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည်။

ခဲသတ္တုကြောင့် လူသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်များစွာရှိနေသော်လည်း ယင်း၏ မပျက်စီးနိုင်ခြင်း၊ ပျော့ပျောင်း၍ အလွယ်တကူပုံသဏ္ဌာန်ဖော်နိုင်ခြင်း၊ X-ray စသည့် ဓာတ်ရောင်ခြည်များ မထိုးဖောက်နိုင်ခြင်း၊အက်ဆစ်၊အယ်လ်ကာလီစသည်တို့၏ တိုက်စားမှုများမှ ခံနိုင်ရည်ရှိခြင်း စသည့်အမျိုးမျိုးသော အာနိသင်များကြောင့် ယင်းကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိနေဆဲဖြစ်ပါသည်။

ခဲသတ္တုကို ဘက်ထရီအိုးများနှင့် ခဲယမ်းမီးကျောက်များ၊ ပိုက်နှင့်ပိုက်ဆက် ပစ္စည်းများ၊ အမိုးပြားများ၊ စဉ့်ထည်ပစ္စည်းများ၊ X-ray ကို အကာအကွယ်လုပ်သောပစ္စည်းများ၊ ခဲသတ္တုပါဝင်သော လောင်စာဆီများ၊ အိမ်သုတ်ဆေးများ၊ သိပ္ပံသုံးပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

အစားအစာများနှင့် ခဲသတ္တု

အစားအစာများတွင် ခဲသတ္တုပါဝင်မှုကို လေ့လာကြည့်လျှင် အပင်ပေါက်ရာ မြေကြီးမှလည်းကောင်း၊ အစားအစာများ ပြင်ဆင်သိုလှောင်ရာမှလည်းကောင်း၊ အစားအစာများကို ခဲဂဟေဆက်ထားသော စည်သွတ်ဘူးများတွင် ထည့်သွင်းထားရှိလျှင် လည်းကောင်း၊ စဉ့်ထည်ပစ္စည်းများတွင် အစားအစာများပြုလုပ်ခြင်း၊ သိုလှောင်ခြင်းကြောင့် လည်းကောင်း၊ ဖုန်မှုန့်များမှလည်းကောင်း၊ ခဲသတ္တုပါဝင်သောရေကို အစားအစာပြုလုပ်ရာတွင် အသုံးပြုလျှင်လည်းကောင်း၊ ခဲသတ္တုကို အရောင်ဆိုးဆေးအဖြစ် အသုံးပြုလျှင်လည်းကောင်း ပါဝင်နိုင်ကြောင်းတွေ့ရှိရပါသည်။

အချဉ်ဖောက်ထားသော ဖျော်ရည်များကို စဉ့်ထည်ပစ္စည်းများဖြင့် သိုလှောင်ခြင်းများ ရှေးယခင်ကပင်ရှိခဲ့ပြီး ယင်းကြောင့် အဆိပ်သင့်နိုင်ခြင်းကိုလည်း သိရှိခဲ့ပါသည်။ ခရစ်တော်မပေါ်မီ ရာစုနှစ်များတွင် မူးမတ်မျိုးနွယ်အထက်တန်းလွှာအမျိုးသမီးများသည် စဉ့်ထည်ပစ္စည်းများ၌ သိုလှောင်ထားသော ဝိုင်အရက်ကို သောက်သုံးခြင်းကြောင့် ကလေးမရရှိနိုင်ခြင်းများဖြစ်ခဲ့ပါသည်။ ချဉ်သောအစားအစာဖြစ်ခြင်း၊ ကြာရှည်စွာ သိုလှောင်ထားခြင်း၊ အပူပေးခြင်းတို့သည် ခဲသတ္တုကို ပို၍စိမ့်ထွက်စေပါသည်။

ခဲသတ္တုနှင့် လူတို့ထိတွေ့နိုင်ပုံ

- ခဲဂဟေဆော်ထားသော စည်သွတ်ဘူး အစားအစာများ စားသောက်ခြင်း၊ စဉ့်ထည်ပစ္စည်းများနှင့် ပြုလုပ်သိုလှောင်ထားသော အစားအစာများကို စားသောက်ခြင်း၊ ခဲသတ္တုကို အရောင်ဆိုးဆေးအဖြစ် အသုံးပြုထားသော အစားအစာများကို စားခြင်း၊
- ရှူသွင်းသောလေ၊ သောက်သုံးသောရေ၊ ခဲသတ္တု ပါဝင်သော ဖုန်မှုန့်များကို ထိတွေ့ခြင်းနှင့် မျိုချမိခြင်း၊
- ခဲသတ္တုပါဝင်သော အိမ်သုတ်ဆေးများ အသုံးပြုထားသောနေရာများတွင် နေထိုင်ခြင်း၊
- ခဲသတ္တုအသုံးပြုသောလုပ်ငန်းများ လုပ်ကိုင် ခြင်း (ဘက်ထရီအိုးပြုပြင်ရောင်းချခြင်း၊ စဉ့်ထည်ပစ္စည်းများ ပြုလုပ်ခြင်း၊ ဂဟေဆော်လုပ်ငန်းများ၊ ဆေးသုတ်လုပ်ငန်းများ)၊
- ခဲသတ္တုပါဝင်သည့် အခြားသောပစ္စည်းများ၊ ဥပမာ-အလှပြင်ပစ္စည်းများ၊ ဆံပင်ဆိုးဆေးများ အသုံးပြုခြင်း၊
- ခဲသတ္တုကို အသုံးပြု၍ ပန်းပုထုခြင်း၊ ဖန်ထည်ပစ္စည်းများဆေးဆိုးခြင်း၊

ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်သော ခဲသတ္တုပမာဏသည် အစာစားသည့်အချိန် (အစာအိမ်ထဲ၌ အစာရှိချိန်/အစာမရှိချိန်)၊ အသက်အရွယ်၊ မျိုချလိုက်သော ပမာဏများအပေါ်တွင် မူတည်ပါသည်။ ခန္ဓာကိုယ်ထဲသို့ဝင်ရောက်ပြီး အချိန်အနည်းငယ်အတွင်း သွေးနှင့်အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများသို့ ရောက်ရှိနိုင်ပါသည်။ ရက်သတ္တပတ်များ ကြာပြီးလျှင် အများစုသည် သွားနှင့်အရိုးများထဲ ရောက်ရှိသွားပါသည်။ **လူကြီးများတွင် ခန္ဓာကိုယ်ထဲမှ ခဲသတ္တု၏ ၉၀ ရာခိုင်နှုန်းသည် ရက်သတ္တပတ်များအတွင်း တစ်နည်းနည်းဖြင့် ပြန်လည်ထွက်သွားနိုင်သော်လည်း ကလေးများတွင်မူ ၃၂ ရာခိုင်နှုန်းသာ ပြန်ထွက်သွားနိုင်ပါသည်။ ခဲသတ္တုနှင့် ကြာရှည်စွာ ထိတွေ့နေလျှင် ခန္ဓာကိုယ်ရှိ အသားစတစ်ရှူး (Tissue) များထဲတွင် ခဲသတ္တုများ စုပုံလာနိုင်ပါသည်။ အထူးသဖြင့် အရိုးများတွင် အများဆုံးနှစ်ကာလကြာရှည်စွာ တည်ရှိနိုင်ပါသည်။**

ခဲသတ္တု၏ ဆိုးကျိုးများ

ကလေးများတွင်-

- ဦးနှောက်နှင့် အာရုံကြော အဖွဲ့အစည်းကို ထိခိုက်ခြင်း၊ အပြုအမူနှင့် သင်ကြားမှုဆိုင်ရာ ပြဿနာများရှိခြင်း၊
- ကြီးထွားမှု နှေးကွေးခြင်း၊
- အကြားအာရုံပြဿနာများ ဖြစ်ခြင်း၊
- ခေါင်းကိုက်ခြင်း၊

လူကြီးများတွင်-

- ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ပျက်ကျ ခြင်း၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ ကလေးအသေမွေးခြင်း၊
- အခြားမျိုးပွားအင်္ဂါပြဿနာများ ဖြစ်ခြင်း၊
- သွေးတိုးခြင်း၊
- အစာအိမ်လမ်းကြောင်း ပြဿနာများဖြစ်ခြင်း၊
- အာရုံကြော အဖွဲ့အစည်း ရောဂါများဖြစ်ခြင်း၊
- မှတ်ဉာဏ်နှင့် မှတ်သားမှုတွင် ပြဿနာများ ဖြစ်ခြင်း၊
- ကြွက်သားနှင့် အဆစ်များ နာကျင်ခြင်း၊

မြန်မာနိုင်ငံတွင် ငံပြာရည်၊ ငါးပိရည်ကျို၊ အသီးအရွက်နှင့် ချဉ်ဖတ်များကို ခဲပါဝင်သော စဉ့်ထည်အိုးများတွင် ပြုလုပ်ခြင်း၊ သိုလှောင်ခြင်းများ ရှိကြပါသည်။ ပုစွန်ခြောက်၊ အချဉ်ထုပ်၊ မှုန့်နှင့် လက်ဖက်တို့တွင် အရောင်လှစေရန်အတွက်လည်း အသုံးပြုသော ဆိုးဆေးများတွင် ခဲပါဝင်ကာ ထိုအစားအစာများကို လူအများက နှစ်သက်စွာ စားသုံးလေ့ရှိပါသည်။ အဆိုပါ အစားအစာတို့တွင် ခဲသတ္တုပါဝင်မှုကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ အာဟာရဓာတ်သုတေသနဌာနခွဲ၏ ဓာတ်ခွဲခန်းတွင် စမ်းသပ်ခဲ့ပါသည်။ ဤအစားအစာများကို စဉ့်အိုးတွင် ပြင်ဆင်/သိုလှောင်ထားခြင်း၊ အရောင်ဆိုးဆေးများမှ ခဲသတ္တုပါဝင်ခြင်းနှင့် ပြည်တွင်းဖြစ် စည်သွတ်ဘူးအစားအစာဟူ၍ အုပ်စုသုံးမျိုး ခွဲခြားစမ်းသပ်ခဲ့ပါသည်။ ယင်းအစားအစာများတွင် ခဲသတ္တုပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်တွင်းဖြစ် စည်သွတ်ဘူး အစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	နာနတ်သီးဘူး	၂ ဒသမ ၀၇၂၄
၂	ငါးသေတ္တာ	၀ ဒသမ ၂၃၇၈
၃	မန်ကျည်းဖျော်ရည်ဘူး	၁ ဒသမ ၄၀၅၂

ခဲသတ္တုပါဝင်သော ဆိုးဆေးဖြင့် အရောင်ဆိုးထားသော အစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	ပုစွန်ခြောက်	၁ ဒသမ ၀၃၅၂
၂	ဝက်အူချောင်း	၁ ဒသမ ၁၁၅၈
၃	ကြက်အူချောင်း	၁ ဒသမ ၅၉၅၀
၄	မှုစ်အဝါ	၁ ဒသမ ၀၁၆၀
၅	မှုစ်အနီ	၀ ဒသမ ၈၃၀၈
၆	မက်မန်းယို	၃ ဒသမ ၃၂၀၀
၇	မက်မန်းသီး	၁ ဒသမ ၄၂၆၀

စဉ့်အိုးများဖြင့် ပြင်ဆင်/သိုလှောင်သောအစားအစာများ

စဉ်	အစားအစာအမျိုးအမည်	ခဲပါဝင်မှုပမာဏ mg/kg
၁	ဟင်းသီးဟင်းရွက်ချဉ်ဖတ်များ	၃ ဒသမ ၉၆
၂	တညင်းသီးဆားစိမ်	၄ ဒသမ ၁၀
၃	ကျန်မဆိုင်	၄ ဒသမ ၉၀
၄	စတော်ဘယ်ရီဝိုင်	၂ ဒသမ ၁၀၄၂
၅	မက်မန်းဝိုင်	၁ ဒသမ ၅၂
၆	တာရှည်ခံ သံပရာသီး	၀ ဒသမ ၈၉၁၀
၇	ငါးပိရည်ကျို	၄ ဒသမ ၈၅
၈	ငံပြာရည်	၄ ဒသမ ၈၈

မှတ်ချက်-အထက်ပါအစားအသောက်များတွင် ခဲပါဝင်မှုများနေခြင်းမှာ စည်သွတ်ဘူးများကို ခဲသတ္တုဖြင့်ဂဟေဆော်ခြင်း၊ ခဲသတ္တုပါသော ဆိုးဆေးများကို အသုံးပြုခြင်းနှင့် ခဲသတ္တုပါသော စဉ့်အိုးများတွင် အစားအစာများ ပြုလုပ်သိုလှောင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

အမြင့်ဆုံးလက်ခံနိုင်သော ခဲသတ္တုပမာဏ

စဉ်	အမျိုးအမည်	အမြင့်ဆုံးခဲသတ္တုပမာဏ mg/kg
၁	ဖျော်ရည်များ	၀ ဒသမ ၃
၂	စားသုံးဆီ	၀ ဒသမ ၁
၃	တာရှည်ခံ သံပရာရည်	၁ ဒသမ ၀
၄	သကြား	၁ ဒသမ ၀
၅	ကိုကာပါသောကိတ်မုန့်	၂ ဒသမ ၀

အစားအစာများတွင် ခဲသတ္တုပါဝင်မှု လျှော့နည်းစေရန် အောက်ပါအတိုင်း လုပ်ဆောင်သင့်ကြပါသည်-

- အစားအစာထည့်ရာတွင် သုံးသည့်ပစ္စည်းများ၌ ခဲသတ္တုပါဝင်မှုကို ရှောင်ကြဉ်ရန်၊
- အစားအစာများကို ခဲသတ္တုမပါဝင်သည့် ပစ္စည်းများဖြင့် သိုလှောင်သိမ်းဆည်းရန်၊

  (ဥပမာ-ဖန်၊ စတီး၊ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ဘူးများ၊ ပုလင်းများ၊ ခွက်များ)
- စည်သွတ်ဘူးများပိတ်ရာတွင် ခဲသတ္တုသုံးခြင်းကို ရှောင်ကြဉ်ရန်၊
- သီးနှံများ စိုက်ပျိုးထားသော မြေကြီးတွင် ခဲသတ္တုပါဝင်မှုပမာဏကို တိုင်းတာရန်၊
- စိုက်ပျိုးရေးလုပ်ငန်းများတွင် ခဲသတ္တုအသုံးပြုခြင်းကို ရှောင်ကြဉ်ရန်၊
- အိမ်တွင် တတ်နိုင်သမျှ ဖုန်မရှိစေရန်၊
- ကယ်လ်စီယမ်၊ သံဓာတ်နှင့် ဗီတာမင်ဒီကြွယ်ဝသော အစားအစာများကို စားသုံးရန်၊
- ခဲသတ္တုစုပ်ယူမှုသည် အစာအိမ်တွင် အစာမရှိလျှင် ပို၍များသောကြောင့် အစာမရှိဘဲ မဖြစ်ရအောင် အစာမှန်မှန်စားရန်၊
- ခဲသတ္တုနှင့် ပတ်သက်သော အချက်အလက်များကို ကျန်းမာရေးပညာပေးရန်၊

ဤဦးစီးဌာနတွင် ပြုလုပ်စမ်းသပ်ထားသော သုတေသနများအရ ပြည်သူအများစု ခဲသတ္တုအဆိပ်သင့်ခြင်းသည် ခဲသတ္တုနှင့် ထိတွေ့မှုများသော လုပ်ငန်းများကြောင့်နှင့် အစားအသောက်များကိုနည်းမှန်လမ်းမှန်ဖြင့် ပြုလုပ်သိုလှောင်မှုမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အစားအသောက်များကို နည်းလမ်းမှန်ကန်စွာ ပြုလုပ်သိုလှောင်စေသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၀၅ခုနှစ်ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Agostino Borraနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang ၏ ပေးပို့သော သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Agostino Borra က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Make every mother and child count" ဖြစ်ပြီး မြန်မာလိုဆောင်ပုဒ်မှာ "မိခင်ရင်သွေးကျန်းမာမှ လူ့ဘောင်ဘဝ စဉ်လှပ လူတိုင်းပါဝင်ဆောင်ရွက်ကြ" ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး ကျောက်စိမ်း၊ ကျောက်မျက် ပုလဲ၁၁၉၈တွဲ ရောင်းချခဲ့ရ

ရန်ကုန် ဧပြီ ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအစီအစဉ်အရ ယနေ့နံနက် ၉နာရီမှ စ၍ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ မွန်းလွဲ ၁၂နာရီခွဲတွင် ပုလဲအတွဲပေါင်း ၁၃၅တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ၂၀၀၅ခုနှစ် ဧပြီ ၂ရက်မှ ၇ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချခဲ့ရာ ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအစီအစဉ်အရ ဧပြီ ၂ရက်မှ ၄ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၁၀၃၄တွဲကို လည်းကောင်း၊ ဧပြီ ၅ရက်တွင် ကျောက်မျက်အတွဲပေါင်း ၂၉တွဲကိုလည်းကောင်း၊ ဧပြီ ၇ရက်တွင် ပုလဲအတွဲ ၁၃၅ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲ စုစုပေါင်း ၁၁၉၈ တွဲကို ရောင်းချနိုင်ခဲ့သည်။

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၅နိုင်ငံ၊ ကုမ္ပဏီပေါင်း ၃၁၇ ခုမှ ရတနာကုန်သည် ၈၉၂ဦး၊ ပြည်တွင်းကုမ္ပဏီ ၂၅၈ ခုမှ နိုင်ငံသား ရတနာကုန်သည် ၄၆၀ ဦး စုစုပေါင်း ရတနာကုန်သည် ၁၃၅၃ ဦးတက်ရောက်ခဲ့ကြပြီး ကျောက်မျက်ရတနာများကို အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။

(သတင်းစဉ်)

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အပြိုင်အဆိုင် ဝယ်ယူအားပေးကြစဉ်။ (သတင်းစဉ်)



ရွှေတိဂုံစေတီတော် (ရန်ကုန်) သတ္တမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) တွင် ဂေါပကအဖွဲ့မှကြီးမှူး၍ သတ္တမအကြိမ် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် တန်ခူးလဆန်း ၉ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ရက် ညနေ ၄နာရီတွင် အဆိုပါစေတီတော် ဂန္ဓကုဋိတိုက်၌ သီလဆောက်တည်ခြင်း၊ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းနှင့် ရေစက်သွန်းချ အမျှပေးဝေခြင်းများကို ပြုလုပ်ပြီး ညနေ ၄ နာရီခွဲတွင် သာသနာ့အလံကိုင်အဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များဦးဆောင်၍ အိုးစည်၊ ဒိုးပတ်အဖွဲ့များဖြင့် ဘာသာရေးအဖွဲ့များက စွယ်တော်မြတ်စေတီတော်အား လက်ယာရစ်ပူဇော်ပြီး မင်္ဂလာကန်တော်သို့ သွားရောက်ကာ ဇီဝိတဒါန ငါးလွှတ်ကြမည်ဖြစ်သည်။

ဇီဝိတဒါန

အဆိုပါနေ့တွင် ဇီဝိတဒါနငါးလွှတ်လိုသော ရဟန်းရှင်လူ ပြည်သူများသည် စွယ်တော်မြတ်စေတီတော် ပရဝဏ်အတွင်း၌ သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူပြီး ဇီဝိတဒါနငါးလွှတ်နိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် ရှန်ဟဲ နိုင်ငံတကာလေ့လာရေးဌာနတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာန (Myamar Institute of Strategic and International Studies, Myanmar-ISIS) **၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲ နိုင်ငံတကာလေ့လာရေးဌာန** (Shanghai Institute of International Studies, SIIS) **ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ** Madam Yu Xintian **ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်ပြီး** Myanmar-ISIS **အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင် ဦးဆောင်သောပညာရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။** (အပေါ်ပုံ)

ယင်းသို့ ဆွေးနွေးရာတွင် တရုတ်-မြန်မာ ဆက်ဆံရေးကိစ္စ၊ တရုတ်-အာဆီယံရေးကိစ္စ၊ အရှေ့တောင်အာရှတွင်း နိုင်ငံတကာရေးရာ ကိစ္စရပ်စသည်တို့ကို ပညာရှင်များအကြား လမ်းကြောင်းနှစ်ကဏ္ဍမှ အမြင်ချင်းဖလှယ်ကာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ဓမ္မရိပ်သာသင်္ကြန် တရားစခန်း

ရန်ကုန် ဧပြီ ၇

အင်းစိန် ဖော့ကန် အထက ဓမ္မရိပ်သာတွင် ဧပြီ ၁၃ရက် သင်္ကြန်အကြိုနေ့မှစတင်၍ ခုနစ်ရက် သင်္ကြန်တရားစခန်း ကျင်းပမည်ဖြစ်သည်။ ဆရာတော် ဦးသံယမနှင့် ဆရာတော် ဦးဉာဏိန္ဒတို့က ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ လာရောက်ဆက်သွယ် တရားစခန်းဝင်နိုင်ကြောင်းသိရသည်။ (က-ပ)

မအူကုန်းဓမ္မာရုံ သက်ကြီးပူဇော်ပွဲနှင့် အသံမစဲပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံဆောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၁၄)ကြိမ်မြောက် စုပေါင်းသက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ဧပြီ ၁၉ ရက်မှ ဧပြီ ၂၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ဝေယျာဝစ္စလှူဖွယ်ပစ္စည်းများ၊ ပဋ္ဌာန်းကန်တော့ပွဲများ စသည်တို့ကို လှူဒါန်းလိုပါက ဓမ္မာရုံတည်ရာ အမှတ်(၄၃)၊ (၁၃၈)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၌ လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အရိယာရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့စေတီတော်မြတ်ကြီးရှေ့ အရိယာရိပ်သာကျောင်းတိုက်တွင် မဟာသင်္ကြန်ရက်အတွင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်မြတ်ကို ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေလာသ အရိယာရိပ်သာ ဆရာတော်ကြီးက မင်းကွန်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ဟောကြားညွှန်ပြမည်ဖြစ်ရာ ယောဂီများ တရားအားထုတ်နာယူနိုင်ကြောင်း သိရသည်။ (၅၃၂)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ကော့သောင်းမြို့ ပြည်တော်အေးစေတီတော် လှည့်လည်ကြည့်ရှု

✡ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဧပြီ ၅ ရက် မွန်းလွဲပိုင်းတွင် လေယာဉ်ဖြင့် မြိတ်မြို့မှ ကော့သောင်းမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကော့သောင်းလေဆိပ်တွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်း၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဦးလှဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ကော့သောင်းမြို့ပတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် မြို့ပတ်လမ်းတစ်လျှောက်ရှိ ရွှေပြည်သာရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရွှေဇင်ယော်ရပ်ကွက်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဘုရင့်နောင်အငူ ပတ်ဝန်းကျင် မြို့မဆိပ်ကမ်းအနီး မြေထိန်းနံရံ တည်ဆောက်မှုလုပ်ငန်းနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ကုန်းမြေသို့ သွားရောက်ကြပြီး ဘုရင့်နောင်မင်းတရားကြီး ရုပ်တုနှင့် ဘုရင့်နောင်ကုန်းမြေ သာယာလှပရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ထိုမှတစ်ဆင့် ငါးသုံးလုံးရှုခင်းသာတောင်ကုန်းသို့ သွားရောက်ကြပြီး ကော့သောင်းမြို့၏ လှပသာယာမှုများကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်ရင်ပြင်ရှိ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ကော့သောင်းမြို့ အပါအဝင် အလားတူ နယ်စပ်ဒေသမြို့များ ဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူးတို့သည်လည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိ၊

ယင်းသို့ တိုးတက်မှု၊ အောင်မြင်မှုများ ရရှိနေသည်မှာ နိုင်ငံတော်၏ မှန်ကန်သော ခေါင်းဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ညီညီညွတ်ညွတ် ယုံယုံကြည်ကြည် ချမှတ်ပေးထားသည့် အစီအမံများ အတိုင်း ကြိုးစားပမ်းစား ပူးပေါင်းဆောင်ရွက်ကြ၍ဖြစ်။

လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပြည်တော်အေးစေတီတော်အား လှည့်လည်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၆ရက် မွန်းတည့် ၁၂နာရီတွင် ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကော့သောင်းမြို့ ပြည်တော်အေးစေတီရင်ပြင်ရှိ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ ဒို့တာဝန်အရေးသုံးပါးသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် နိုင်ငံသားတို့၏ မွေးရာပါတာဝန်များဖြစ်၍ တပ်မတော်အပိုင်းကသာမက နယ်ဘက်ဆိုင်ရာ အပိုင်းများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးကပါ အလေးထားခံယူရမည့် မူဝါဒများဖြစ်ကြောင်း။

အင်အားစုသုံးရပ်ပေါင်းစည်း

ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်မြို့ ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး
နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွာ
ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေ
ရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

မေးမြန်းမှာကြ

တပ်မတော်သားများနှင့် မိသားစု
ဗိုလ်ချုပ်မှူးကြီးမတွေ့ဆုံမီ နိုင်ငံတော် အေ
ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်
တွေ့ဆုံပြီး ကော့သောင်းခရိုင်နှင့် မြို့န
ဒေသဝမ်းစာဖူလုံမှု၊ တက္ကသိုလ်ဝင်စာ
ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေ
အေးချမ်းမှုများကို တာဝန်ရှိသူများအာ
ဤကော့သောင်းဒေသသည် နိုင်ငံတော်၏
ဒေသဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

မိမိတို့ရောက်ရှိလာသည့်အခါတိုင်း ဒေ
ဒေသသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေ
ကော့သောင်းမြို့အပါအဝင် အလားတူ န
မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူးတ
ဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း။

ယင်းသို့ တိုးတက်မှု၊ အောင်မြင်မှုများ
မှန်ကန်သော ခေါင်းဆောင်မှုအောက်၌ နိ
များက ညီညီညွတ်ညွတ် ယုံယုံကြည်ကြ
အစီအမံများအတိုင်း ကြိုးစားပမ်းစား ပူး
ကြောင်း။

ဖွံ့ဖြိုးတိုးတက

တိုးတက်သည့်ထ

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ တိုးတက်မှုသဘောအရ ရပ်တန့်ထား၍မရ တိုးတက်သည်ထက်တိုးတက်အောင်၊ ကောင်းသည်ထက်ကောင်းအောင် သယ်ပိုးဆောင်ရွက်



ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေအောင် ကြိုးစားထူထောင်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

မေးမြန်းမှာကြား

တပ်မတော်သားများနှင့် မိသားစုများ၊ ဌာနဆိုင်ရာများအား ဗိုလ်ချုပ်မှူးကြီးမတွေ့ဆုံမီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကြိုတင်လာရောက်တွေ့ဆုံပြီး ကော့သောင်းခရိုင်နှင့် မြို့နယ်၏ လူတစ်ဦးချင်းဝင်ငွေ၊ ဒေသဝမ်းစာဖူလုံမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း၊ ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေများ၊ ဒေသ၏ တည်ငြိမ်အေးချမ်းမှုများကို တာဝန်ရှိသူများအား မေးမြန်းပြီး မှာကြားရာ၌ ကော့သောင်းဒေသသည် နိုင်ငံတော်၏ တောင်ဘက်စွန်း နယ်စပ်ဒေသဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

မိမိတို့ရောက်ရှိလာသည့်အခါတိုင်း လေ့လာကြည့်ရာ၌ ကော့သောင်းဒေသသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကော့သောင်းမြို့အပါအဝင် အလားတူ နယ်စပ်ဒေသမြို့များဖြစ်သည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူးတို့သည်လည်း အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြကြောင်း။

ယင်းသို့ တိုးတက်မှု၊ အောင်မြင်မှုများရရှိနေသည်မှာ နိုင်ငံတော်၏ မှန်ကန်သော ခေါင်းဆောင်မှုအောက်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ညီညီညွတ်ညွတ် ယုံယုံကြည်ကြည် ချမှတ်ပေးထားသည့် အစီအမံများအတိုင်း ကြိုးစားပမ်းစား ပူးပေါင်းဆောင်ရွက်ကြ၍ ဖြစ်ကြောင်း။

ရပ်တန့်ထား၍မရ

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ တိုးတက်မှုသဘောအရ ရပ်တန့်ထား၍မရဘဲ ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင်၊ ကောင်းသည်ထက်ကောင်းအောင် သယ်ပိုးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ကော့သောင်းဒေသသည်လည်း စီးပွားရေးအရ တိုးတက်ခိုင်မာအောင်၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း။

ထိန်းသိမ်းမြှင့်တင်

စီးပွားရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်ခိုင်မာလာမှုလည်း နယ်စပ်ဒေသများ၌ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးအားမာန်တို့ကို ထိန်းသိမ်းမြှင့်တင်ထားနိုင်မှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံ

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီ ၅ရက် နံနက် ၉နာရီတွင် မြိတ်မြို့ ရန်တိုင်းအောင်ခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် ကြိုးပမ်းတည်ဆောက်နေမှုများ၊ ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တပ်မတော်သားများနှင့် မိသားစုများ ပါဝင်ဆောင်ရွက်သွားရမည့် အခန်းကဏ္ဍများ၊ တပ်တွင်း တပ်ပြင် စည်းရုံးရေးကိစ္စများကို ရှင်းလင်းမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများသည် ဧပြီ ၄ရက်နှင့် ၅ရက်များတွင် မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား အသီးသီးသွားရောက်တွေ့ဆုံကြပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုက ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁၉) စံပြရပ်ကွက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဓမ္မရက္ခိတ ဓမ္မဗိမာန် ဓမ္မာရုံ၌ ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၉ရက် (စနေနေ့) တန်ခူးလဆန်း ၁ရက်တွင် အပိုင်းလိုက် ပင့်ဆောင်ပူဇော်၍ ယင်းနေ့ညနေ ၄နာရီမှစတင်၍ ရပ်ကွက်အတွင်း စုပေါင်းလှည့်လည် အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၄-၂၀၀၅ (သောကြာနေ့)
၁၃၆၆ခုနှစ်၊ တပေါင်းလကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကရေဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကြေးမုံရိပ်သွင်တေးနယ်ဥ
၈:၁၀ ၆။ ဗိုလ်မြတ်ထွန်းတံတား
၈:၂၀ ၇။ ခါသကြံန်အဆို၊အကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ခါသကြံန်အဆို၊အကများ
၆:၁၅ ၁၀။ Discovery.
၆:၂၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၂၂)**
၇:၃၀ ၁၅။ ခါသကြံန်အဆို၊အကများ
၇:၄၀ ၁၆။ မြတ်နိဗ္ဗာန်မှန်းရည်မျှော်ဓမ္မရံသီဗိမာန်အလှူတော်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကူညီချင်လွန်းလို့"(အပိုင်း-၂) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ကချင်ပြည်နယ် ခေါင်လံဖူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၇

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ကချင်ပြည်နယ် ခေါင်လံဖူးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဧပြီ ၃ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။ အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊ လှိုင်းနှုန်း(၆)ဖြင့် ဧပြီ ၄ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီဆိုင်များဖွင့်မည်

ရန်ကုန် ဧပြီ ၇

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များကို မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း ပုံမှန် ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်မိသားစု လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၇

မြန်မာဘရူဝါရီလီမိတက်(Myanmar Brewery Ltd.) မိသားစုက လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာဘရူဝါရီလီမိတက်အထွေထွေမန်နေဂျာ Mr. David Teng က အဖွင့်စကားပြောကြားသည်။

ထို့နောက် လူမှုရေးအဖွဲ့အစည်းအသီးသီးသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာမြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ အထွေထွေမန်နေဂျာ Mr. David Teng၊ ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်(အငြိမ်းစား)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး H.E.Mr. T. Jasudasen တို့က အလှူငွေကျပ်သိန်း ၃၀စီကို ဥက္ကံမြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ (ကျား)ကျောင်း၊ ကော့မှူးမြို့နယ် အောင်ဇမ္ဗူလူငယ် ဖွံ့ဖြိုးရေးဂေဟာ၊ မသန်မစွမ်းကလေးများကျောင်း၊ အမျိုးသမီး စောင့်ရှောက်ရေးအဖွဲ့၊ မေရီချ(ပ်)မင်း နားမကြားသော ကလေးများကျောင်းနှင့် ခရစ်ယာန် မျက်မမြင်အသင်းများမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

အလားတူမြန်မာဘရူဝါရီလီမိတက်မှ လူမှုရေးဆောင်ရွက်မှု အသင်းသားများကလည်း လူမှုရေးအသင်းအဖွဲ့ ခုနစ်ဖွဲ့သို့ ဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် အဝတ်အထည်နှင့် ကျောင်းသုံးပစ္စည်းများကိုပေးအပ်လှူဒါန်းကြသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့က ဆောင်ရွက်နေသည့် လူမှုရေးဆောင်ရွက်နေမှု အကျဉ်းကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ်ဆန်းတစ်ရက်တွင် သွေးလှူဘဏ်ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၇

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ရက် ဧပြီ ၁၇ရက်တွင် ကျရောက်သော မြန်မာနှစ်သစ်ကူး (နှစ်ဆန်းတစ်ရက်)တွင် စေတနာ သွေးလှူရှင်များ ကုသိုလ်ယူ သွေးလှူဒါန်းနိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးဌာန (ဗဟိုအမျိုးသားသွေးလှူဘဏ်)ကို နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်၍ စေတနာသွေးလှူရှင်များ စိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်၏ နွေဦးအကြို မဟာကံထူးရှင် ရွေးချယ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာဘရူဝါရီလီမိတက်၏ နွေဦးအကြို မဟာကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ အထွေထွေမန်နေဂျာ Mr. David Teng က ကံထူးရှင်ရွေးချယ်ပွဲနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေမန်နေဂျာ Mr. David Teng က ပထမဆု (ဆုဇူကီးကားတစ်စီး) ဆုမဲကို လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန် (အငြိမ်းစား) က ဒုတိယဆု (၂၉ လက်မ TV & DVD Home Theater System) ဆုမဲကိုလည်းကောင်း၊ စီးပွားရေးမန်နေဂျာ Mr. Victor Seah နှင့် ဈေးကွက်မန်နေဂျာ Mr. James Swee တို့က တတိယဆု (၂၁လက်မ TV & DVD Home Theater System နှစ်ဆု) ဆုမဲများကို လည်းကောင်း၊ တက်ရောက်လာကြသူများက အခြားသောဆုမဲများကို လည်းကောင်း မဲနှိုက်ပေးကြပြီး မဟာကံထူးရှင်များကို ရွေးချယ်ပေးကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာဘရူဝါရီ လီမိတက် မိသားစုက လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက် အထွေထွေမန်နေဂျာ Mr. David Teng တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား)ကျောင်းသို့ အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဧပြီ ၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏စီစဉ်မှုဖြင့် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သံတွဲခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၉ရက် နံနက် ၁၀နာရီတွင် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲ အခမ်းအနားတွင် စာအုပ်အလှူရှင် ၃၈ဦးတို့က ငွေကျပ် ၉၄၁၅၀၀ တန်ဖိုးရှိသော စာအုပ် ၂၄၀၄အုပ်ကို ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၇

တာချီလိတ်မူးယစ်အထူးအဖွဲ့ဝင်များသည် မတ် ၁၈ရက်တွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့အတွင်းရွာနေညီခမ်း၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ ခရီးဆောင်အိတ်အတွင်း ပလတ်စတစ်အိတ်ငယ်များဖြင့် ထည့်လျက် "wy" စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့အတွင်းရွာနေ ဦးညီဘရား၏သား အသက် (၄၁)နှစ်ရှိ ညီခမ်းအား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၁၁/၂၀၀၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉(က)အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)



ညီခမ်းအား စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့်အတူ ဖမ်းဆီးရမိစဉ်။

(သတင်းစဉ်)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်(စ်)ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင် (၁)နှစ်

၂။ ကစားသူ ထောင် (၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင် (၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလအတွက်

(၁၀-၄-၂၀၀၅)ရက်နေ့

နှင့်

(၂၄-၄-၂၀၀၅)ရက်နေ့

ထူးခြားသည့် နေ့အပူချိန်များ

(၇-၄-၂၀၀၅)

မကွေးနှင့် ပုသိမ်

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)

သတိပေးနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းက ကချင်ပြည်နယ်ကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဧပြီ ၇

၂၀၀၅ခုနှစ် အင္ဂမအကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ မန္တလေးတိုင်းအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

မန္တလေးတိုင်းအသင်း - နှစ်ဂိုး။
(ကျော်ရဲအောင်)
ကချင်ပြည်နယ်အသင်း - တစ်ဂိုး။
(ဟန်ထွန်းလေး)
အကောင်းဆုံးဆု
ကျော်ရဲအောင် (မန္တလေးတိုင်း)
ဒိုင်လူကြီး - ဦးဝင်းချို

ဖွေဆော်ဦးဂိုး

ပွဲအစတစ်မိနစ်မှာပင် ဘယ်တောင်ပံမှ အောင်သိန်းဦး ဖြတ်ပို့သောဘောလုံးကို ကျော်ရဲအောင်က ခေါင်းတိုက်သွင်းယူလိုက်၍ မန္တလေးတိုင်းအသင်း ဖွေဆော်ဦးဂိုး စတင်ရရှိသွားသည်။

ကချင်ပြည်နယ်အသင်း ချေပဂိုးရရှိရေး ထိုးဖောက်ကစားလာရာ ၁၀မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် ဟန်ထွန်းလေးက ခေါင်းတိုက်သွင်း၍ ချေပဂိုးရကာ တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် ကချင်ပြည်နယ်အသင်း ကစားအားကျသွား၍ မန္တလေးတိုင်းအသင်း တစ်ဖက်သတ်နီးပါး ဖိကစားသွားသည်။

တိုက်စစ်ဆင်ကစား

မန္တလေးတိုင်းအသင်း အနိုင်ဂိုးရရှိနိုင်ရေးအတွက် နေရာစုံမှ ထိုးဖောက်တိုက်စစ်ဆင်ကစားနေရာမှ ပွဲပြီးရန် ၉မိနစ်အလိုတွင် အနိုင်ဂိုးကို ကျော်ရဲအောင်က နောက်ခံလူများကို ကျော်ဖြတ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အကောင်းဆုံးဆုရ ကျော်ရဲအောင် (မန္တလေးတိုင်း)အား ဆုငွေကျပ် ၅၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးဇော်လင်း (ညွှန်ကြားရေးမှူး အား/ကာ)က ပူးတွဲတတိယဆုရရှိကြသော မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့အား ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းစီ ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရ ကချင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် နှစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ မန္တလေးတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုများရရှိကြသော ဂိုးသမားဆုရ မြတ်ထွန်းကျော် (မွန်ပြည်နယ်)၊ နောက်တန်းဆုရ အာဒီးဆား(ကချင်)၊ အလယ်တန်းဆုရ ဟန်ထွန်းလေး(ကချင်)၊ ရှေ့တန်းဆုရ ကျော်ရဲအောင်(မန္တလေးတိုင်း)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရ ကျော်ရဲအောင်(မန္တလေးတိုင်း)တို့အား ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အသန့်ရှင်းဆုံးအသင်းဆုရ ကချင်ပြည်နယ်အသင်းအား ဆုဖလားနှင့် ငွေသားနှစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ မန္တလေးတိုင်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသား ကျပ်သုံးသိန်း ချီးမြှင့်သည်။ (ကြေးမုံ)

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အနိုင်ရဗိုလ်စွဲသွားသော မန္တလေး တိုင်းအသင်းအား တံခွန်စိုက် ဆုဖလားနှင့် ငွေသားဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ (သတင်းစဉ်)

ဆရာတော်ကြီးများအား ပူဇော်မည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၅)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သင်တန်းပြဆရာကြီး၊ ဆရာမကြီးများနှင့် နိုင်ငံတော်မှချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၉ရက် (စနေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

မောင်တောမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

မောင်တောမြို့နယ် အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၃ရက်(စနေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံကျောင်း သာသနာ့လင်္ကာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအတွက် မတ် ၃၁ရက်တွင် အသက်(၈၀) ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအနေဖြင့် အမှတ်စာရင်းများကို ဧပြီ ၈ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးကံသိန်းအောင် ဖုန်း-၅၄၂၅၆၈၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်သိန်းကျော် ဖုန်း-၇၂၄၇၁၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်စောဝေ ဖုန်း-၀၉-၅၁၀၆၅၅၇တို့ထံ ပေးပို့ရမည်ဖြစ်သည်။ (က-ပ)

နွေရာသီမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

မျိုးဆက်သစ်ဂေါက်သီးရိုက်လူငယ်များ ပေါ်ထွက်လာစေရေးနှင့် ဂေါက်သီးအားကစားကို စနစ်တကျသင်ယူတတ်မြောက်ရေးကိုရည်ရွယ်လျက် Han Golf Mastersဂေါက်သီးရိုက် သင်တန်းကျောင်းမှဖွင့်လှစ်သော နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းများကို ဧပြီ ၁၈ရက်မှစတင်၍ ပန်းလှိုင်ဂေါက်ကွင်း၌ စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်မည့်သင်တန်းများမှာ အခြေခံ ဂေါက်ရိုက်သင်တန်း၊ ကွင်းပတ်အဆင့် ဂေါက်ရိုက်သင်တန်းတို့ဖြစ်ပြီး သင်တန်းကာလမှာ သုံးပတ်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူ လူငယ်မောင်မယ်များသည် ဧပြီ ၁၂ရက်ထက် နောက်မကျဘဲ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း ညှော်ကြိုကောင်တာ ဖုန်း-၆၈၄၀၂၀နှင့် ၅၄၂၈၈၉တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

သကြိန်တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကြူစမ်းရပ်ကွက် သီတာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (တိပိဋကဥဘတောဝိဘင်္ဂရေ သာသနာ့ဓဇဓမ္မာစရိယ နယ်လှည့်ဓမ္မကထိ)က ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်အထိ (သကြိန်တွင်း ၅ရက်) နေ့စဉ် နံနက် ၁၀နာရီမှ ၁၁နာရီအထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ (က-ပ)

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ ချယ်လ်ဆီးနှင့် အေစီမီလန်တို့ အနိုင်ရ

လန်ဒန် ဧပြီ ၇

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် အင်္ဂလန်မှ ချယ်လ်ဆီးအသင်းက ဂျာမနီမှ ဘေယန်မြူးနစ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ အီတလီမှ အေစီမီလန်အသင်းက တစ်မြို့တည်းမှ အသင်းဖြစ်သည့် အင်တာမီလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲတွင် ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကိုသွင်းယူပေးခဲ့သူ ဖရန့်စ်လမ်းပတ် အောင်ပွဲခံနေစဉ်။

ဓာတ်ပုံ-အင်တာနက်

ချယ်လ်ဆီး-ဘေယန်မြူးနစ်

လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ဂျ် အားကစားကွင်းတွင် ကျင်းပသော ချယ်လ်ဆီး - ဘေယန်မြူးနစ်ပွဲမှာ အကြိတ်အနယ်ရှိလှသည်။ ပွဲစပြီး ပွဲချိန် လေးမိနစ်တွင် ချယ်လ်ဆီးအဖွင့်ဂိုးရရှိသည်။ ချယ်လ်ဆီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုးကိုးလ်က ပိုင်နယ်တီဧရိယာအပြင်ဘက်မှကန်သွင်းသည့် ဘောလုံးမှာ ဘေယန်မြူးနစ် နောက်တန်းကစားသမား လူစီယိုနှင့်ထိမိပြီး ဂိုးဝင်သွားခဲ့သည်။

ဘေယန်မြူးနစ်အသင်း ကိုယ့်ဂိုးကိုယ်သွင်းမိပြီးနောက် ပိုမိုဖိကစားလာခဲ့ပြီး ပွဲချိန် ၅၃မိနစ်တွင် ယင်းအသင်းမှ ဆာလီဟာမစ်ဇစ်၏ နေရာ၌ အစားဝင်လာသူ ရှဝိန်စတိုင်ဂါက ချေပဂိုး သွင်းယူခဲ့သည်။

ပွဲချိန်၅၉မိနစ်တွင် အင်္ဂလန်ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်က ဒရော့ဘာ ခေါင်းတိုက်ချပေးလိုက်သော ဘောလုံးမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲချိန် မိနစ် ၇၀တွင် လမ်းပတ်ကပင် ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ယင်းနောက် ပွဲချိန် ၈၁ မိနစ်၌ ဒရော့ဘာက ဂိုးသွင်းနိုင်ခဲ့သည်။

မြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သော အေစီမီလန်နှင့် အင်တာမီလန်တို့ပွဲတွင် အေစီမီလန်မှ ကွင်းလယ်ကစားသမား ဂျက်ပ်စတမ်း (ယာ)နှင့် အင်တာမီလန်မှ အိုဘာဖမ်မီမာတင်တို့ ဘောလုံးယှဉ်လုနေစဉ်။

ဓာတ်ပုံ-အင်တာနက်

ဘေယန်မြူးနစ်အသင်းသည် ပွဲချိန် မိနစ် ၉၀တွင် ဒုတိယမြောက် ချေပဂိုးတစ်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ ယင်းမှာ မိုက်ကယ်ဘောလက်က ပိုင်နယ်တီမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်-အင်တာမီလန်

အီတလီနိုင်ငံ မီလန်မြို့ရှိ ဆန်ဆီရိုအားကစားကွင်း၌ ကျင်းပသည့် အေစီမီလန်-အင်တာမီလန်ပွဲတွင် အေစီမီလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အေစီမီလန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၄၅မိနစ်တွင် ကွင်းလယ်ကစားသမား ဂျက်ပ်စတမ်းက သွင်းယူနိုင်ခဲ့သည်။ အင်ဒရေပီယာလိုက အလွတ်တည်ကန်ဘော ကန်သွင်းပြီးနောက် ရရှိသည့်ဘောလုံးကို စတမ်းက ခေါင်းတိုက်သွင်းယူနိုင်ခဲ့သည်။

အေစီမီလန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၇၄မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ရရှိသော ဘောလုံးကို တိုက်စစ်မှူး အင်ဒရေရှက်ဗ်ချင်ကိုက ခေါင်းတိုက်သွင်းယူခဲ့သည်။

ဆင်ဟွာ။

ရေအားလျှပ်စစ်စက်ရုံနှင့် တမံတည်ဆောက်ရေးအလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာမှ တောင်သူဦးအောင်မြင့်၏ လယ်မြေသုံးဧကတွင် တောင်ပင်လယ်ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော မနောသုခနွေစပါးများ စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုအားပေး၍ ဒေသခံတောင်သူများအားတွေ့ဆုံကာ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

မြင်းခြံမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၃၇၂ ဧကလျာထားရာမှ ၂၃၀၇ ဧက၊ ၉၇ ဒသမ ၂၆ ရာခိုင်နှုန်းစိုက်ပျိုးပြီးဖြစ်၍ ဧပြီလ ပထမပတ်အတွင်း ထွန်တုံးပိတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်၌ ရွှေပြည်စိုးဆေးလိပ်ခုံပိုင်ရှင်ဦးအေးလူ-ဒေါ်ယဉ်ယဉ်မိသားစုက ဆောက်လုပ်လှူဒါန်းမည့် အလျားပေ ၁၄၀၊ အနံပေ ၈၀၊ အမြင့် ၂၄ ပေရှိသော သာသနာ့ဗိမာန် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြစ်ထွန်း

ဆက်လက်၍တိုင်းမှူးသည်တောင်သာမြို့နယ် လယ်ကွက်ကြီးကျေးရွာမှ တောင်သူ ဦးမြင့်သန်းဦး၏ လယ်မြေသုံးဧကတွင် ကျောက်တစ်လုံးရေလှောင်တမံရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော နွေစပါးများ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

တောင်သာမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၅၄၃ ဧကလျာထားရာမှ ၁၅၈၇ ဧက၊ ၆၂ ဒသမ ၄၁ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီး၍ ဧပြီလ ဒုတိယပတ်အတွင်း ထွန်တုံးပိတ်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်တိုင်းမှူးသည်တောင်သာမြို့နယ် သပွတ်ပင်တဲကျေးရွာအနီးရှိ ကျောက်တစ်လုံး ရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ကျောက်တစ်လုံး ရေလှောင်တမံ ရေလှောင်ပမာဏ ရေသိုလှောင်ထားရှိမှုနှင့်ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေး၍ ရေလှောင်တမံလုပ်ငန်းများကိုလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် တောင်သာမြို့နယ် ချောင်းဆုံကျေးရွာအနီးရှိ သမက္ကုရေလှောင်တမံ တုံးပြောင်းစနစ်နှင့် တိုးချဲ့မြေဧက ၅၀၀ စက်ရေတင်လုပ်ငန်း ရေတင်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာကျေးရွာ ရေအားလျှပ်စစ်ဓာတ်အား ပေး စက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးရာ အစီအစဉ်အရ လှိုင်သာကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ကြည်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်စက်ရုံနှင့် တမံတည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့ လှိုင်သစ်သီးပွဲရုံလုပ်ငန်းပိုင်ရှင် ဦးမောင်လှိုင်-ဒေါ်သန်းစိန်မိသားစုက ငွေကျပ် ၁၇ သိန်း၊ မြင်းခြံမြို့ မြပွဲရုံလုပ်ငန်းပိုင်ရှင် ဦးမောင်ညို-ဒေါ်မြအေး မိသားစုက ငွေကျပ် ၁၅၀၀၀၀၊မြင်းခြံမြို့ အေဝမ်းဆေးလိပ်ခုံပိုင်ရှင် ဦးသိန်းဝင်းက အလှူရှင် ၁၅ဦးတို့မှ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၂ သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုတင်နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးခင်မောင်ကြည်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်

ဆက်လက်၍ တိုင်းမှူးက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား လွှတ်ပေးပြီးနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ရေအားလျှပ်စစ်စက်ရုံနှင့် ရေလှောင်တမံတို့ကို ကြည့်ရှုအားပေးသည်။

ကျောက်ပန်းတောင်းမြို့နယ်လှိုင်သာကျေးရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ပုပ္ပားတောင်မကြီး အရှေ့မြောက်ဘက်ရှိ ရေထွက်များမှ စိမ့်ထွက်၍ စီးလာသော စိမ့်စမ်းချောင်းကို အလျား၁၃၅ပေ၊ အမြင့် ၂၈ ပေ၊ တမံရေဆင်းအနံပေ ၅၀၊ တမံရှေ့ခြေဆင်း ၁၅ ပေ၊ တမံထိပ်မျက်နှာပြင်အကျယ် ခုနှစ်ပေရှိတာမံတည်ဆောက်ရေသိုလှောင်ထားကာ ရေအားလျှပ်စစ်စက်ရုံတွင် ၃၀ ကီလိုဝပ်ဒိုင်နမိုတစ်လုံး တပ်ဆင်ထားပြီး ကျေးရွာအတွင်း နှစ်ပေမီးချောင်း ၈၅၀ ချောင်းအသုံးပြု၍ ကျေးရွာ ရေရရှိရေးအတွက် ရေအားလျှပ်စစ်စက်ရုံမှ ပန်ကာ ၁၂ ရွက်တပ် နှစ်လက်မပန့်တပ်ဆင်ထားပြီး ရေတွန်းအားစနစ် ရေတင်ခြင်း ဆောင်ရွက်ထားရှိရာ တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ တင်ပို့နိုင်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဆရာတော်ကြီးများနှင့် အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ၊ လှိုင်သာကျေးရွာ ပြည်သူများမှ လုပ်အားလှူဒါန်းမှုအပါအဝင် စုစုပေါင်း ငွေကျပ် ၂၃၇ သိန်းကျော်အကုန်အကျခံတည်ဆောက်ခဲ့သည်။

(သတင်းစဉ်)

တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်လေးပါးအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ် လေးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို မတ် ၃၁ရက် နံနက် ၈နာရီတွင်သံတွဲမြို့နယ် ဂျိကျောကျေးရွာ ပုလဲရတနာ ပရိယတ္တိစာသင်တိုက် ဝိဇယဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အပူဇော်ခံတိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များဖြစ်ကြသောဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ဘဒ္ဒန္တဂန္ဓမာလင်္ကာရ၊ ဘဒ္ဒန္တကုန္ဒပါလ အရှင်မြတ်လေးပါးနှင့်ပင့်သံဃာတော်များ၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့်အဖွဲ့ဝင်များ၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ တိပိဋကပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာဝင် ပြည်သူများ တက်ရောက် ပူဇော်သည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

တိုက်ကြီးမြို့နယ်၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာသာရ ကြီးမှူး၍ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ပန်းတစ်ပွင့်တောင် နယ်မြေတွင် ဧပြီ ၁၃ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၁၂ ရက် လာရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဖုန်း ၆၄၀၁၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၁)

နေကြာ၊ ပဲပုပ်နှင့် ဆင်းရွှေလီနွေစပါးစိုက်ခင်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေးပြီး ပံ့ပိုးဆောင်ရွက်

ရန်ကုန် ဧပြီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ ရက် နံနက် ၈ နာရီက လားရှိုးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း၏ စံပြနေကြာစိုက်ခင်းနှင့် စံပြပဲပုပ်စိုက်ခင်းသို့ လည်းကောင်း၊ ဆင်းရွှေလီအထူးအထွက်ကောင်းနွေစပါးစံပြငါးဧကစိုက်ခင်းတို့သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၏ ငါးမွေးမြူရေးကန်တူးဖော်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ငါးမွေးမြူရေးကန်များ တူးဖော်နေမှုကို လည်းကောင်း၊ဟူးမွန်ကျေးရွာရှိအထူးအထွက်တိုး ဆင်းရွှေလီပဲပုပ် စံပြဧက ၁၀၀ စိုက်ခင်းသို့ လည်းကောင်း၊ နယ်မြေခံတပ်ရင်း၏အထူးအထွက်ကောင်းစပါးစံပြစိုက်ခင်းသို့လည်းကောင်း၊ ဟူးမွန်ကျေးရွာ စံပြတောင်သူ ဒေါ်ရန်ကျောင်း၏စံပြနေကြာစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် လားရှိုးမြို့ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့်ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများကခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပါဠိပထမပြန်စာမေးပွဲရေစက်ချအောင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပါဠိ ပထမပြန်စာမေးပွဲ ရေစက်ချအောင်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရွှေဦးစွာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တအဂ္ဂဓဇထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က သာသနာတော်ဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြသည်။

၁၃၆၆ ခုနှစ် ဗဟန်းမြို့နယ် ပါဠိ ပထမပြန် စာမေးပွဲကို မတ် ၂၈ရက်မှ ဧပြီ ၃ရက်အထိ အထက(၁)ဗဟန်းနှင့် အလက(၃)ဗဟန်းတို့၌ ကျင်းပခဲ့ပြီး ရဟန်းသံဃာတော်နှင့် သီလရှင်စာဖြေ အကြီးတန်း ၃၃၄ ပါး၊ အလယ်တန်း ၄၃၆ ပါးနှင့် အငယ်တန်း ၄၇၈ ပါး စုစုပေါင်း ၁၂၄၈ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာသင်္ကြန်
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြန်မာသင်္ကြန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် TIME SERIES ANALYSIS AND FORECASTING (ဒုတိယနှစ်-စီးပွားရေးအထူးပြု)**
၅:၃၀ ၉။ မြန်မာသင်္ကြန်
၅:၄၀ ၁၀။ Goal Show အစီအစဉ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၃၉)**
၆:၄၅ ၁၇။ **လျှပ်တစ်ပြက်ရိုက်ချက်**
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၉)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း-၁၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဟသ်ာတမြို့နယ်မှ နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲကို မတ် ၂၉ ရက်က ဟသ်ာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံး အဖွင့်အမှာစကားပြောကြားစဉ်။ (၁၈၆)

ကျေးရွာအထက(ကျောင်းခွဲ)သို့ အလှူငွေပေးအပ်လှူဒါန်း

မြစ်ငယ် မတ် ၂၅

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်အရ အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ကျောင်းခွဲ)သို့ အလှူငွေ ကျပ်တစ်သိန်းငါးသောင်းပေးအပ်လှူဒါန်းပွဲကို မတ် ၁၃ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး(မန္တလေး ခရိုင်နယ်မြေတာဝန်ခံ) ဦးကျော်၊ တိုင်းအသင်း အလုပ်အမှုဆောင်(ကျေးလက်ဒေသဖွံ့ဖြိုးရေးတာဝန်ခံ) ဦးမြင့်သိန်း၊ ခရိုင်အသင်းအတွင်းရေးမှူးဦးသောင်းဝေနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးတင့်တို့က အလှူငွေ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းအသင်းကပေးအပ်လှူဒါန်းသော ငွေကျပ်တစ်သိန်းငါးသောင်းကို တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်က ကျောင်းအုပ်ဆရာကြီးဦးစိုးအောင်ထံ ပေးအပ်လှူဒါန်းသည်။

(၄၃၃)

စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များလှူဒါန်း

ညောင်လေးပင် မတ် ၃၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၁၂ရက် နံနက် ၉နာရီက ပိန်းဇလုပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဒေါ်မေအေးကကျန်းမာရေးဆိုင်ရာ ပညာရပ်များကို ဟောပြောပြီး မြို့နယ်တရားသူကြီး ဒေါ်နိုင်နိုင်မော်ကကလေးသူငယ်ဥပဒေနှင့် အမျိုးသမီးများ သိသင့်သော ဥပဒေရေးရာကိစ္စရပ်များကို အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ခင်လှက ပိန်းဇလုပ်စာကြည့်တိုက်သို့ သုတ၊ ရသမဂ္ဂဇင်းဂျာနယ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမြသိန်းက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

ဖွင့်လှစ်ပေး

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ခံတိုးမြို့သာ ကျေးရွာအုပ်စု လရိပ်ပြာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ရွာစည်ရွာသာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ဒုလ္လဘရဟန်းတော်များ တရားစခန်းဖွင့်လှစ်မည်

ဖျာပုံ ဧပြီ ၅

ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ သဒ္ဓါမိကမိုးကုတ်ဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တစန္ဒိမာဘိဝံသ (သာသနဓဇ-ဓမ္မာစရိယ)က အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူ၍ဒုလ္လဘရဟန်းတော်များတရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိကျင်းပမည်ဖြစ်ရာ ဒုလ္လဘရဟန်းဝတ်ပြီးတရားအားထုတ်လိုသူများအား ပစ္စည်းလေးပါး လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**

ပဲခူးတိုင်းအနောက်ပိုင်း မင်းလှမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး အခမ်းအနားကို မတ် ၂၄ ရက်က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးရီ ကျန်းမာရေးဝန်ကြီး၏ မိန့်ခွန်းကို ဖတ်ကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

သင်္ကြန်တရားစခန်း

လှည်းကူး ဧပြီ ၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးအနောက် ဝိဇ္ဇာပါလ ကျောင်းတိုက်ကြီးတွင် သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ငါးရက် တရားစခန်းဖွင့်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ် သတင်းများ

တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

ပြင်ဦးလွင် မတ် ၁၇

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော အိမ်ရှင်မများသို့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက်က ပြင်ဦးလွင်ပဒေသာမြို့သစ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပို့ချ

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပဒေသာမြို့သစ်ဥက္ကဋ္ဌ ဦးဇော်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်ကြည်မြင့်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မြန်မာ့တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ခင်သန္တာညွန့်က မြန်မာ့တိုင်းရင်းဆေးနိဒါန်းများနှင့်ဆေးဝါးကုသနည်းများ ရှင်းလင်းပို့ချသည်။

သင်တန်းသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းသူ ၁၅၀ ဦး တက်ရောက်ကြသည်။ (၄၂၁)

သန်လျင်ကသစ်ဝိုင် ဒုလ္လဘတရားပွဲ

သန်လျင် ဧပြီ ၆

သန်လျင်မြို့ ကသစ်ဝိုင်အောင်ချမ်းသာဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိကဆရာတော် ဦးအာစရသိက္ခသည် ဧပြီ ၁၂ရက်မှစ၍ သင်္ကြန် ဒုလ္လဘတရားစခန်းပွဲဖွင့်မည်ဖြစ်ရာ တရားဝင်လိုသော ယောဂီများ သန်လျင်မြို့ ကသစ်ဝိုင်ဓမ္မရိပ်သာ ဖုန်း ၀၅၆-၂၁၄၄၁ သို့ ကြိုတင်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ချင်းပြည်နယ် ရေစွာမြို့သို့ ရေပေးဝေနေသော ဂါလန် ၁၅၀၀၀ ဆံ့ ရေလှောင်ကန်ကို မတ် ၂၉ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်တို့က ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

ပေးအပ်

မတ် ၂၈ ရက်က သုံးခွမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ ပျဉ်းမကန်မူလတန်း၊ အလယ်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင်ကျောင်းအုပ်ဆရာမကြီးဒေါ်လှလေးသွယ်စတုတ္ထတန်းကျောင်းသူ မအိသိမ့်သိမ့်တုံအား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေသည့် စံပြသိမ်ကုန်းကျေးရွာသွားလမ်းအရှည် ၁၈၀ပေ၊ အကျယ်ငါးပေ ကွန်ကရစ် တံတားနှစ်စင်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅၀၀၀၀ ဖြင့် တည်ဆောက်နေမှုကို မတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ညိုညိုရီတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၁၅)

သန်လျင်မြို့ မြို့ဟောင်းအလက၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းနှင့် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၃၀ ရက်က ကျောင်းခန်းမ၌ကျင်းပရာစတုတ္ထတန်းကျောင်းသားမောင်ဇော်လင်းထိုက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (၅၂၇)



ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ကြိုးစားထူထောင်

★ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေး အတွက် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုး တိုးတက်ခိုင်မာနေအောင်ကြိုးစားထူထောင်ကြရန်လို။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧပြီ ဖရက်က ကော့သောင်းမြို့ ဒေသခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကော့သောင်း တပ်နယ် အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများ၊ ကော့သောင်းခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား လမ်းညွှန် မှာကြားစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Senior Lieutenant General,PhungQuangThanh **အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်တွင် ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)